# ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]
(၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် "အဆိုပါအက်ဥပဒေ"ဟု ရည်ညွှန်းသည့်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပုဒ်မ ၁၈ အစား၊ အောက်ပါကို ပုဒ်မ ၁၈ အဖြစ်ထည့် သွင်းရမည်။

"၁၈။ ။ ဝန်ကြီးက ပေးအပ်သည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုလက်မှတ်ကို၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်ကို မဟုတ်မမှန်ဖော်ပြခြင်းဖြင့်ဖြစ်စေ၊ လှည့်ဖြားခြင်းဖြင့်ဖြစ်စေ၊ အရေးပါသော အကြောင်းများကိုဖုံးကွယ်ထားခြင်း ဖြင့်ဖြစ်စေ ရရှိခဲ့သည်ဟုသော်လည်းကောင်း၊ ထိုလက်မှတ်ရရှိသောသူသည်၊ ပြည်ထောင်စုကို၊ အကြည်အညိုမဲ့ကြောင်း၊ သို့တည်းမဟုတ် သစ္စာမဲ့ကြောင်း ကိုယ်အမူအရာဖြင့် ဖြစ်စေ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ပြသည်ဟု သော်လည်းကောင်း ဝန်ကြီးကထင်မြင်ယူဆလျှင်၊ ထိုလက်မှတ်ရရှိသူအား၊ မိမိရရှိ ထားသော လက်မှတ်ကို မည်သည့်အကြောင်းကြောင့် ပြန်လည်မရုပ်သိမ်း သင့်ကြောင်း အကြောင်းပြရန် ဆင့်ဆို၍၊ ထိုအကြောင်းပြချက်အပေါ်တွင် သင့်တော်သည်ထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးစေပြီးလျှင်၊ ထိုလက်မှတ်ကို ဝန်ကြီးက ရုပ်သိမ်းသင့်သည်ဟုထင်မြင်ယူဆပါက၊ ပြန်လည်ရုပ်သိမ်းရန် အမိန့်ချနိုင်သည်။"

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၀ ကိုပယ်ဖျက်ရမည်။

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁၊ ၁၉၅၈ ခုနှစ်၊ ဧပြီလ (၁၉) ရက်၊ စာမျက်နှာ - ၈၅၃။

၄။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၂ တွင် "နှစ်နှစ်" ဆိုသည့်စကားရပ်အစား၊ "ခုနှစ်နှစ်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်။
(၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။